mgyoe.com
SAMPLE BOOK

# လူဝါသဘော
# လူဝါသဘာဝ

ဆရာဦးမိုးမြင့် (B.Sc)

(မြန်မာပြန်)

## HOW TO UNDERSTAND
# HUMAN NATURE

**Herbert N. Casson**

(တတိယအကြိမ်)




mgyoe.com

mgyoe.com SAMPLE BOOK

- နိုင်ငံခြားလုပ်ငန်းရှင်များအကြောင်း။
- လူတို့၏ လိုအင်ဆန္ဒ၊ ခံစားချက်၊ စိုးရိမ်သောက၊ တုပမှု၊ အသွင်ကွဲမှု၊ ယုံကြည်မှု၊ တွေးခေါ်မှု၊ အကျင့်စရိုက်၊ ပြောင်းလဲမှု၊ ချီးမွမ်းကဲ့ရဲ့အပြစ်တင်မှု၊ ယောကျ်ား မိန်းမတို့၏ သဘော သဘာဝများကို ဖတ်ကြရပါမည်။
- လူတွေနှင့် အမြဲဆက်ဆံနေရသူများ ဖတ်ရမည့်စာအုပ်။
- တိုးတက်အောင်မြင်လိုသူတိုင်း လက်ကိုင်ပြုရမည့်စာအုပ်။

9 284381 002414

2025-5 Graphic Design : Min Thet





mgyoe.com


mgyoe.com SAMPLE BOOK

စာအုပ်ရှာစာပေ


# ထွက်ရှိပြီး စာအုပ်များ





တန်ဖိုး ၆၀၀၀ ကျပ်



တန်ဖိုး ၆၀၀၀ ကျပ်



တန်ဖိုး ၆၀၀၀ ကျပ်



တန်ဖိုး ၇၀၀၀ ကျပ်



တန်ဖိုး ၇၀၀၀ ကျပ်



တန်ဖိုး ၇၀၀၀ ကျပ်



တန်ဖိုး ၆၀၀၀ ကျပ်




တန်ဖိုး ၇၀၀၀ ကျပ်




တန်ဖိုး ၇၀၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာဦးမိုးမြင့် (B.Sc)

---

# လူ့ဓော်သဘော လူ့ဓော်သဘာဝ

## HOW TO UNDERSTAND HUMAN NATURE

HERBERT N.CASSON

**စာအုပ်ရှာ** စာပေ ဖြန့်ချိရေး

ဆိုင် – (၁)
အမှတ် – ၁၇၃၊ ပထမထပ်၊ ၃၁ လမ်း (အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၂၆၈၅၁ ၉၉၉၆

ဆိုင် – (၂)
လှည်းတန်းစင်တာ၊ မြေညီထပ်၊ (လှည်းတန်းလမ်းဘက် ဝင်ပေါက်အနီး)
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၉၆၆ ၇၂၂၀၄၇

Facebook Page - **စာအုပ်ရှာ**

mgyoe.com

mgyoe.com SAMPLE BOOK


## ပုံနှိပ်မှတ်တမ်း

စာအုပ်ရွာ စာအုပ်အမှတ်စဉ် – ၂၃
ထုတ်ဝေသည့် ခုနှစ်၊ လ – ၂၀၀၄ ခုနှစ်၊ ဧပြီလ (ဒုတိယအကြိမ်)
– ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (တတိယအကြိမ်)

မျက်နှာဖုံးဒီဇိုင်း – မင်းသက်
စာပြင်အယ်ဒီတာ – တက္ကသိုလ် ဆန်းတင့်နိုင်
ကွန်ပျူတာစာစီနှင့်
စာမျက်နှာ ဖွဲ့စည်းမှုဒီဇိုင်း – စာအုပ်ရွာ ပုံနှိပ်လုပ်ငန်းစု
စာအုပ်ချုပ် – ကိုမဲလေး (ငွေအိမ်စည်စာအုပ်ချုပ်လုပ်ငန်း
၀၉ ၂၆၄၅၆၅၆၅၇

ဦးအောင်ဖြိုးဟိန်း (၀၃၂၇၁) ၊ စာအုပ်ရွာ စာပေ ၊ အမှတ် ၁၇၃ ၊ ပထမထပ်၊ ၃၁လမ်း (အထက်) ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့က ထုတ်ဝေပြီး ဦးမင်းမင်းဆန်း ( မြဲ ၀၁၆၈၅)၊ Mother Home ပုံနှိပ်တိုက်၊ အမှတ် (၂၀၆) ၊ ဗိုလ်ချုပ်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ပုံနှိပ်သည်။

အုပ်ရေ – ၁၀၀၀
တန်ဖိုး – ၇၀၀၀ ကျပ်


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| စဉ် | | စာမျက်နှာ |
|---|---|---|
| | မိတ်ဆက် | ၆ |
| ၁။ | လူတိုင်း လိုအင်ဆန္ဒရှိသည် | ၁၃ |
| ၂။ | လူတိုင်း ခံစားတတ်သည် | ၂၀ |
| ၃။ | လူတိုင်း စိုးရိမ်ကြောင့်ကြတတ်သည် | ၂၈ |
| ၄။ | လူတိုင်း တုပတတ်သည် | ၃၅ |
| ၅။ | လူတိုင်း ကွဲပြားခြားနားမှု ရှိသည် | ၄၄ |
| ၆။ | လူတိုင်း ယုံကြည်တတ်ကြသည် | ၅၂ |
| ၇။ | လူတိုင်း တွေးခေါ်စဉ်းစားသည် | ၆၀ |
| ၈။ | လူတိုင်း အကျင့်စရိုက်ရှိသည် | ၆၈ |
| ၉။ | လူတိုင်း ပြောင်းလဲတတ်သည် | ၇၆ |
| ၁၀။ | လူတိုင်း ချီးမွမ်းမှုနှင့် ပြစ်တင်မှု လိုသည် | ၈၄ |
| ၁၁။ | လူတိုင်း ခေါင်းဆောင်မှုကို လေးစားသည် | ၉၀ |
| ၁၂။ | လူတိုင်း လိင်သဘာဝ ကွဲပြားမှုရှိသည် | ၉၆ |
| ၁၃။ | လူတိုင်း သိစိတ်နှင့် မသိစိတ် ရှိသည် | ၁၀၂ |
| ၁၄။ | လူတိုင်း ယုံကြည်ချက်ရှိသည် | ၁၁၁ |
| ၁၅။ | နိဂုံးချုပ် | ၁၁၉ |


❑

mgyoe.com

mgyoe.com SAMPLE BOOK

## မိတ်ဆက်

လောကတွင် အရေးအကြီးဆုံးအချက်မှာ လူ၏သဘော လူ၏ သဘာဝပင် ဖြစ်သည်။

လူ့သဘာဝနှင့်စာလျှင် အစိုးရ၊ စာပေ၊ ကုန်သွယ်မှု၊ သိပ္ပံ၊ ဘာသာရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတို့သည် ငြိမ်းများသာ ဖြစ်သည်။ ၄င်းအချက်တို့သည် လူနှင့်ယှဉ်လျှင် ဒုတိယတန်းတွင်သာ ရှိသည်။

လောကကြီး၏ ဖြစ်စဉ်တစ်ရပ်လုံးသည် သိပ္ပံနှင့် ကုန်ထုတ်လုပ်မှုစွမ်းအားပေါ်တွင်သာ မူတည်သည်မဟုတ်။ လူ့စရိုက်၊ လူ့သဘာဝပေါ်တွင်လည်း မူတည်နေသည်။

တကယ်တမ်းတွင် လူ့သဘာဝဟူသော ဝိသေသသည် လူ သတ္တဝါအား ပီပြင်စွာ အမျိုးအစားခွဲ တိုင်းတာသော ဝေါဟာရ မဟုတ်ချေ။ သို့သော် လက်ရှိအလျော်ကန်အသင့်မြတ်ဆုံး ဝိသေသ ဖြစ်သောကြောင့် ၄င်းဝေါဟာရကိုသာ သုံးရန်ရှိသည်။ ဆန္ဒ၊ အတ္တ၊



mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ်ရည်ကိုယ်သွေး၊ ဝိညာဉ်၊ စိတ်တို့ထက်စာလျှင် ပို၍ လျော်ကန်သော ဝေါဟာရဖြစ်သည်။ ဦးနှောက်၊ ခန္ဓာကိုယ်၊ ဆန္ဒတို့ကို ခြုံငုံဆိုညွှန်းသော စကားပင်ဖြစ်သည်။ ၄င်းတွင် အကောင်းပါ၏။ အဆိုးပါ၏။ ဥပေက္ခာတရားပါ၏။

အတွေးအခေါ်၊ ခံစားချက်၊ အကြောက်အလန့်၊ မျှော်လင့်ချက်၊ အကျင့်စရိုက်၊ သိစိတ်၊ မသိစိတ် စသော ခံစားမှုအဖွဲ့အစည်း ပါဝင်သော အရိုးအသား အဖွဲ့အစည်း အစုအဝေးကို နာမဝိသေသနပြုရန် ၄င်းထက် လျော်ကန်သောစကား မရှိဟု ထင်ပါသည်။

ကျွန်တော်တို့သည် လူ့သဘာဝကို အပိုင်းပိုင်းခွဲခြား၍ သုံးသပ်လေ့လာခဲ့ကြဖူးသည်။ ကုန်သည်က လူ၏သဘာဝကို အရောင်းအဝယ်အဖြစ် ရှုမြင်သည်။ ဆရာဝန်က ဇီဝဖြစ်စဉ်တစ်ခု၊ ယန္တရားတစ်ခုအဖြစ် မြင်သည်။ ထုတ်လုပ်သူက ထုတ်လုပ်ကုန်တစ်ခုအဖြစ် မြင်သည်။ ဤသို့ဖြင့် မိမိလုပ်ငန်းပေါ်မူတည်သော ရှုထောင့်ဖြင့် အသီးသီး သုံးသပ်လေ့ရှိကြသည်။ သို့သော် မည်သူမျှ လူကို ခြုံငုံသုံးသပ်ခြင်း မရှိချေ။ မည်သူမျှ 'ငှက်' တစ်ကောင်၏ ရှုထောင့်မှ သုံးသပ်၍ လူအား တိကျမှန်ကန်စွာ အမျိုးအစား ပိုင်းဖြတ်ခြင်း မရှိချေ။

ကျွန်တော်တို့သည် မြင်းသဘာဝ၊ ခွေးသဘာဝ၊ နှင်းဆီပန်းသဘာဝ၊ သံသတ္တုတို့၏ သဘာဝကို လေ့လာခဲ့ကြဖူးသည်။ ကြယ်တာရာများကို ရေတွက်လေ့လာခဲ့ကြပြီးဖြစ်သည်။ ကုန်းမြေတိုက်ကြီးများ၊ ပင်လယ်သမုဒ္ဒရာကြီးများကို ဇယားမြေပုံဆွဲပြီးဖြစ်သည်။ သို့သော်လည်း ဤလောကကြီး၏ အထူးခြားဆုံးသောအရာဖြစ်သည့် လူ၏သဘော လူ၏သဘာဝတို့ကို ကျွန်တော်တို့ စစ်စစ်ပိုင်းပိုင်း မလေ့လာ မစစ်ကြောရသေးချေ။

ကျွန်တော်တို့သည် သဘာဝတရား၏ လျှို့ဝှက်ချက် အများ

mgyoe.com SAMPLE BOOK 

အပြားကို ဖြေရှင်းခဲ့ကြပြီးဖြစ်သည်။ ကျွန်တော်တို့သည် ငှက်အားလုံးထက် ပို၍ လျင်မြန်စွာ ပျံသန်းနိုင်သည်။ ရေထုအောက်တွင် ငုပ်လျှိုးသွားလာနိုင်သည်။ ကုန်းမြေပေါ်တွင် တစ်မိနစ် တစ်မိုင်နှုန်း သွားလာနိုင်သည်။ ကမ္ဘာတစ်ပတ် ၁၂ စက္ကန့်နှင့် ကြေးနန်းရိုက်နိုင်သည်။ ရေနွေးငွေ့၊ လျှပ်စစ်နှင့် အဏုမြူကို ကျွန်တော်တို့ ပြုလုပ်နိုင်ခဲ့သည်။ သို့သော် လူ့သဘာဝကို လေ့လာဆည်းပူးခြင်းသော်လည်းကောင်း၊ စိုးမိုးထိန်းချုပ်နိုင်စွမ်းသော်လည်းကောင်း ကင်းမဲ့နေဆဲဖြစ်သည်။ လောကကြီး၏ နောက်ဆုံးလျှို့ဝှက်ချက်သည် လူကိုယ်တိုင်ဖြစ်နေသည်။

ကျွန်တော်တို့သည် ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ လေ့လာရန် ကျွန်တော်တို့နှင့် ကျွန်တော်တို့ သိပ်နီးကပ်လွန်းနေသည်။ လူသည် မိမိ၏ နှာခေါင်းပုံစံကို သိခဲ့ကြသလို မိမိ၏သဘာဝကို သိပ္ပံနည်းကျကျ သီးသီးခြားခြား ပိုင်းဖြတ်လေ့လာသိရှိရန် ကြိုးစားသူနည်းပါးလှ၏။

ရိုဆီယူသည် သူ့ကိုယ်သူ မညှာမတာ ဝေဖန်စစ်ကြောသော စာအုပ်တစ်အုပ် ရေးသားခဲ့သည်။ မာရီဘတ်ကက်ရှက်သည်လည်း ထိုသို့စာအုပ်မျိုးတစ်အုပ် ရေးသားခဲ့သည်။ သို့သော် သူတို့နှစ်ဦးလုံးသည် လူ့သဘာဝကို သိပ္ပံနည်းကျကျ ပိုင်းဖြတ်လေ့လာခြင်းထက် ဝတ္ထုဇာတ်လမ်းသဘော တင်ပြရေးအတွက်သာ ရေးသားခဲ့ခြင်းဖြစ်သည်။

မည်သည့်ပုံမှန် (ဝါ) စိတ်မှန်ရှိသူမှ လူသားမျိုးစုအကျိုးအတွက် မိမိကိုယ်မိမိ စေ့ငုံသုံးသပ်ခြင်း မပြုခဲ့ဖူးချေ။ ထိုသို့ပြုလုပ်ရန် ကျွန်တော်လည်း မရည်ရွယ်ပါ။ လူမြင်သူမြင် မိမိကိုယ်မိမိ အစိတ်စိတ် အပိုင်းပိုင်းဖြစ်အောင် “အမဲဖျက်” ဖွင့်ဟရဲသူရှိပါလျှင် သူသည် လုံးဝဥဿုံ ဂုဏ်မဲ့ကိန်းဆိုက်နိုင်သည်။ လေးစားမှုကင်းသွားကြမည်။ စိတ်


mgyoe.com

mgyoe.com SAMPLE BOOK

မမှန်သူဟု ယူဆခံရမည်။ ထိုသို့ ဖွင့်ချရေးပြသူသည် လူသားတို့အား အတော်အကျိုးပြုမည်ဖြစ်သော်လည်း သူအကျိုးပြုမည့် လူသားတို့က ပင် သူ့အား ပြန်လည်ကဲ့ရဲ့ အပြစ်တင်ကြပေမည်။

ထို့ကြောင့် နောင်အနာဂတ် တစ်နေ့တွင် ဒါဝင်ကဲ့သို့ အကျိုးပြုလူသားများ ပေါ်ထွန်းရေးအတွက် လမ်းခင်းပေးသည့်အနေဖြင့် သာ ဤစာအုပ်ကို ရေးသားပြုစုထားပါသည်။ ဒါဝင်က တီကောင်များကို လေ့လာခဲ့သလို နှစ်ပေါင်းသုံးဆယ်လုံးလုံး သူ့ကိုယ်သူနှင့် တခြားလူသားများကို လေ့လာမည့် ပုဂ္ဂိုလ်အတွက် ရေးသားပေးခြင်း ဖြစ်သည်။

ဤစာအုပ်ကို ကျွန်တော် ရေးသားရာတွင် လူ့သဘာဝ၏ ထူးခြားချက်များကို ဖော်ပြထားပါသည်။ လူအမျိုးမျိုး အထွေထွေ၊ လူတန်းစားအရပ်ရပ်၊ ဘာသာရေးအဖုံဖုံ၊ ပညာရေးအသွင် အစုံစုံ ကွဲပြားနေသည့်တိုင်အောင် လူတို့သည် တစ်ခုသော အတိုင်းအတာအထိ တူညီကြသည်ဟု ထောက်ပြလိုပါသည်။ အဆောက်အအုံ၏ အသွင်အပြင် ကွဲပြားသော်လည်း ပန္နက်ရိုက်၊ အုတ်မြစ်ချခြင်းမှာ အတူတူပင်ဖြစ်သည့် သဘောပင်ဖြစ်လေသည်။

ယဉ်ကျေးမှု မည်သို့ ပြောင်းလဲခဲ့သည်ဟုပင် ဆိုစေ၊ လူ့သဘာဝ၏ ထင်ရှားသော အရည်အသွေးတို့သည် လွန်ခဲ့သော ရာစုနှစ်များစွာက အခြေအနေနှင့် ကွဲပြားထူးခြားနေခြင်း မရှိချေ။ လန်ဒန်၊ ဖက်(ဖ်)၊ ပဲရစ်၊ ဘဂ္ဂဒက်၊ နယူးယော့၊ ပီကင်းတွင် အတူတူပင် ဖြစ်သည်။

ရှုးသွပ်ရိုင်းစိုင်းသော စိုးရိမ်မှုမှန်တိုင်းသည် ယဉ်ကျေးမှု တည်းဟူသော လျော့လျော့ရဲရဲ အဆောက်အအုံကို အချိန်မရွေး တိုက်ခတ်ဖျက်ဆီးပစ်လိုက်နိုင်သည်။

အပြင်ပန်း အဝတ်အစား၊ အပြင်ဟန်ပန်ကို မယုံမှားစေရန်


mgyoe.com

mgyoe.com SAMPLE BOOK 

ကာလီလေက သင်ကြားခဲ့သည်။ ဘေကွန်၊ နယူတန်၊ လော့၊ ဒါဝင်နှင့် ဟတ်ဇ်လေက ထင်မြင်ယူဆချက်များဖြင့် အံရှုံးလုပ်ခြင်း မခံရရန် သင်ကြားခဲ့သည်။

နိုင်ငံအများအပြားတွင် လွှမ်းမိုးနေသော ယုံကြည်မှုဖန်ဆင်းရှင်များနှင့် ဒဏ္ဍာရီဆန်ဆန် ယူဆချက်များကို တွန်းလှန်ဖယ်ရှားပြီး အမှန်တရားကို စစ်စစ်ပေါက်ပေါက် ရှာဖွေခြင်းသာ မှန်ကန်ပေသည်။

မျက်မှောက်ကာလ လူအများသည် သင်ကြားပို့ချ၍ရသော ခေတ်ကာလလူများ ဖြစ်နေချေပြီ။ ထို့ကြောင့် ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ "စာရင်းကောက် စစ်တမ်းပြုရန်" အချိန်ကျရောက်ပြီး ကျွန်တော်တို့သည် ကျွန်တော်တို့၏ ပညာရေးနှင့် အစိုးရစနစ်တို့ကို ပြောင်းလဲကြတော့မည်။ ဘဝ၏ ထာဝရ ရှန်းကန်မှုအတွက် အမြဲတစေ အသင့်ဖြစ်စေရမည်။ ကျွန်တော်တို့၏ အမျိုးသားအကျင့်စရိုက် အဖုံဖုံကို မှတ်ကျောက်တင် စမ်းသပ်စစ်ဆေးတော့မည့် ကာလဆိုက်နေသည်။

ယင်းအဆင့်သို့ မရောက်ခင် လူသားဘဝကို မညာမတာ ရိုးသားပွင့်လင်းစွာ ပိုင်းခြားစိစစ်ရန် လိုသည်။ ကျွန်တော်တို့သည် အရာရာတိုင်း၏ ရင်းမြစ်မှ အစပြု သုံးသပ်ရမည်။ အကျိုးတရားထက် အကြောင်းတရားကို အလေးထားရမည်။

ဤသို့သော အကြောင်းရပ်ကို ရေးရဲသည့်အတွက် ကျွန်တော့်ကိုယ်ကျွန်တော် အင်မတန် ပြည့်ဝသူဟု မဆိုလိုချေ။ ကျွန်တော့်ကိုယ်ကျွန်တော် မည်သို့မျှ စောဒကတက် မကာကွယ်လိုချေ။ ဤဘာသာရပ်၊ ဤအကြောင်းရပ်တွင် မည်သူမျှ တတ်ကျွမ်းနားလည်သူ မဟုတ်ချေ။ ပညာရှင်မရှိသောခွင် ဖြစ်သည်။ ဒါဝင်အတွက် ဒက်(စ်)ကာတီး(စ်) လမ်းထွင်ပေးသကဲ့သို့ ကျွန်တော်သည်လည်း


mgyoe.com

mgyoe.com SAMPLE BOOK

တစ်ချိန်ပေါ်လာမည့် ပညာရှင်အတွက် လမ်းကြမ်း ခင်းပေးနေခြင်းသာ ဖြစ်သည်။

ကျွန်တော်သည် လူ့သဘာဝကို ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ခွင့်ရခဲ့သည်ဟု ကျွန်တော့်ကိုယ်ကျွန်တော် ယုံကြည်မိသောကြောင့်သာ လူ့သဘာဝအကြောင်း ရေးသားရခြင်းဖြစ်သည်။ ကျွန်တော်သည် လူနီရိုင်းများကြားတွင် နေထိုင်ဖူးသည်။ လန်ဒန်သားများအလယ်တွင် နေထိုင်ဖူးသည်။ တောကြီးမျက်မည်းမှာလည်း နေထိုင်ဖူးသည်။ ကမ္ဘာ့မြို့တော်ကြီးများမှာလည်း နေထိုင်ဖူးသည်။ ဆင်းရဲသားများကြားတွင်လည်း နေထိုင်ဖူးသည်။ သူကြွယ်များကြားတွင်လည်း နေထိုင်ဖူးသည်။ ပညာမဲ့များကြားတွင် နေထိုင်ဖူးသည်။ ထို့အပြင် စီးပွားရေးလုပ်ငန်း အမျိုးမျိုး၊ ကုန်ထုတ်လုပ်ငန်း အမျိုးမျိုးနှင့် ထိတွေ့မှုရှိခွင့်ရခဲ့သော စီးပွားရေးအတွေ့အကြုံများ ရှိသည်။

သို့သော် ဤ "လူ၏သဘော လူ၏သဘာဝစာအုပ်" ကို ဒါဝင်၏ မျိုးနွယ်ကျမ်းကဲ့သို့ သိပ္ပံနည်းကျကျကျမ်းဟု မဆိုလိုချေ။ မည်သည့် သဘောတရား အယူဝါဒပေါ်မှ အခြေမတည်ပါ။ ဘဝတစ်လျှောက်လုံး လူ့ဘဝ လေ့လာမှုအပေါ်တွင် အခြေတည်သည်ဟု ဆိုချင်ပါသည်။

တစ်နေ့နေ့ တစ်ချိန်ချိန်တွင်မှ လူ့အတွေးအခေါ်နှင့် လူ့ခံစားချက်ကို လေ့လာနိုင်သော သိပ္ပံကိရိယာများ ရှိကောင်းရှိမည်။ တစ်ခေတ်တစ်ကာလတွင် လူ့အသိနှင့် လူ့နှလုံးကို မြေပုံဆွဲ၍ ကိုယ်ရည်ကိုယ်သွေးဟူသော လျှို့ဝှက်ချက်ကို အဖြေထုတ်နိုင်ကောင်း ထုတ်နိုင်မည်။

သို့သော် ယခုအခါသည် ထိုခေတ်ကာလ မရောက်ရှိသေးချေ။ ကျွန်တော်တို့သည် ရိုင်းစိုင်းဆဲဖြစ်သည်။ ထိုသို့သော မိမိကိုယ်မိမိ သိရှိနားလည်မှုဟူသော အသိပညာကြွယ်ဝမှု လိုလားကောင်းသည်


mgyoe.com

mgyoe.com SAMPLE BOOK 

ဟု နားမလည်တတ်အောင် ရိုင်းစိုင်းကြဆဲဖြစ်သည်။

ဝေဝါးသော ဦးနှောက်၊ မရေရာသော ခံစားချက်၊ အားပျော့သောဆန္ဒ၊ လျှို့ဝှက်ရှုပ်ထွေးသော ခန္ဓာကိုယ်တို့ဖြင့် ရှုန်းရှုန်းထွေးထွေးဖြင့် ဘဝခြေလှမ်းများ စမ်းတဝါးဝါး လှမ်းနေကြရသည်ကိုပင် ကျေနပ်နေကြသည်။

ကျွန်တော်တို့လောက် အတိတ်မြှုလွှမ်းမှု မခံစားရသော အနာဂတ်ခေတ် မျိုးဆက်သစ်တစ်ခုသည် ဤလူ့သဘာဝ ပြဿနာကို ဖြေရှင်းကောင်း ဖြေရှင်းနိုင်ပေမည်။ လက်ရှိ ရှေ့ဆောင်ခေတ်ကာလတွင် ကျွန်တော်တို့ လုပ်နိုင်သော အချက်တစ်ချက်ကား သမားရိုးကျယူဆချက်တည်းဟူသော အမှိုက်သရိုက်များကို ရှင်းလင်းဖယ်ရှားပေးခြင်းနှင့် မငြင်းကွယ်နိုင်သော အခြေခံအချက်အလက်များကို ပုံစံကြမ်း ချပေးခြင်းပင် ဖြစ်သည်။

**ဟာဗတ်ကာဆင်**

❑



mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း – ၁

## လူတိုင်း လိုအင်ဆန္ဒရှိသည်

လိုအင်ဆန္ဒရှိခြင်းသည် လူ့သဘာဝပင်။ လူတိုင်းမှာ လိုအင်ဆန္ဒ တစ်ပုံတစ်ခေါင်းကြီး ရှိနေမည်။ မည်သူမျှ ပြည့်စုံသည်မရှိ။ မည်သူမျှ လုံလောက်သည် မရှိချေ။ လူတိုင်း လူတိုင်း တစ်စုံတစ်ခုကို လိုအပ်နေတတ်ကြသည်။

လူတိုင်း လူတိုင်းသည် တစ်နေ့လျှင် အကြိမ်ကြိမ် ဆာလောင်မွတ်သိပ်သည်။ အစားအစာ လိုချင်သည်။ ကဗျာဆရာကြီး ရှယ်လီသည်ပင် အတွေးသက်သက်ဖြင့် အသက်မရှင်သန်နိုင်ခဲ့ချေ။ လယ်သမားတစ်ဦးကဲ့သို့ပင် ပုံမှန် တစ်နေ့လျှင် သုံးနပ်စားလိုခဲ့သည်။

ဝိညာဉ်ပိုင်းဆိုင်ရာ ဦးစားပေးပြီး ဝိညာဉ်ပိုင်းဆိုင်ရာ သက်သက်ဖြင့် ဝမ်းပြည့်နေသော တရားသမားဟူ၍ လောကတွင် မရှိ။ ဝက်ပေါင်ခြောက်၊ ကြက်ဥကြော်၊ အာလူးပြုတ်၊ ပေါင်မုန့်နှင့် အခြား



mgyoe.com

mgyoe.com SAMPLE BOOK

ကောင်းနိုးရာရာ မှန်သမျှ တောင့်တလိုလားတတ်မြဲပင်။

ကဗျာဆရာနှင့် အတွေးအခေါ်သမားများကြောင့် ကျွန်တော်တို့သည် ကုန်စိမ်း၊ ကုန်ခြောက်သည်များကို မထီမဲ့မြင် ပြုကြသည်။ သို့သော် ကျွန်တော်တို့အားလုံးသည် ထိုကုန်စိမ်းသည်၊ ကုန်ခြောက်သည်များကိုပင် ရှေ့တန်းတင်နေကြရသည် မဟုတ်ပါလော။

မွေးကင်းစ ကလေးသူငယ် အချို့တို့၏ အဓိကလိုအပ်ချက်နှစ်ချက်မှာ လေနှင့် အစားအသောက် ဖြစ်၏။ မွေးကင်းစ ကလေးတိုင်းသည် အစားအစာတောင်းလျက် ငိုကြွေးသံဖြင့် ဘဝကို အစပြုသည်။ လိုအင်ဆန္ဒရှိခြင်းသည် လူ့ဘဝတိုင်း၏ နိဒါန်းပင်ဖြစ်သည်။

လောကကြီးတွင် အရေးအကြီးဆုံးအချက်မှာ အစားအသောက်ပင်ဖြစ်သည်။ ထို့ကြောင့် ကောင်းကောင်းစားနိုင်၊ စည်းစိမ်ယစ်နိုင်သူများက ဆင်းရဲနွမ်းပါးသူတို့၏ သောကကို လျစ်လျူရှုခြင်းကား အတ္တဆန်၍ မရိုးသားသော အပြုအမူပင် ဖြစ်သည်။ မလုပ်သင့်ပါ။

၂၄ နာရီမျှ အစာရေစာ ငတ်ပြတ်နေပါလျှင် တော်ဝင်ပညာရှင်ကြီးများသည် သိပ္ပံနှင့် ဒဿနပညာတို့ကို မည်မျှ အာရုံပြုနိုင်ပါမည်နည်း။ ၎င်းတို့သည် အစားအသောက်ပေါ်သို့သာ အာရုံရောက်နေ၍ မည်သည့်အတွေးအခေါ်ကိုမှ စဉ်းစားတွေးတောနိုင်မည် မဟုတ်ချေ။

"လောကကြီးသည် ဝမ်းဗိုက်ပေါ်တွင် ရပ်တည်လည်ပတ်နေသည်" ဟူသော စကားသည် အင်မတန်မှ မှန်ကန်သော စကားဖြစ်သည်။ "သမုဒ္ဒရာ ဝမ်းတစ်ထွာ" ဟုပင် ဆိုရိုးရှိနေသည်။ ကမ္ဘာစစ်ကြီးများက ကျွန်တော်တို့ကို သကြား၊ ပေါင်မုန့်၊ အာလူးတို့ကို မြတ်နိုးတတ်စေခဲ့သည်။ လူတိုင်း လူတိုင်း လိုလားမှုများ ရှိကြသည်။ ပထမဦးဆုံး လိုလားမှုကား အစားအသောက်ဖြစ်သည်။

အစားအသောက်ပြီးလျှင် အဝတ်အထည် လိုအပ်လာသည်။


mgyoe.com

mgyoe.com SAMPLE BOOK

ဆာလောင်ငတ်မွတ်သူတစ်ဦးသည် ပေါင်မုန့်တစ်လုံး ရမည်ဆိုလျှင် ဘောင်းဘီချွတ် လဲလှယ်ပေးမည်ပင်။ သို့သော် ထိုပေါင်မုန့်ကို စားပြီးသည်နှင့် ဘောင်းဘီနောက်တစ်ထည်ရရန် ကြိုးစားမည်။

လူသတ္တဝါတိုင်းသည် အချက်သုံးချက်ကြောင့် အဝတ်အထည် လိုချင်ကြသည်။ ပထမအချက်မှာ နွေးထွေးမှုအတွက် ဖြစ်သည်။ ဒုတိယအချက်က အမြင်တင့်တယ်မှုရှိရေးအတွက် ဖြစ်သည်။ တတိယအချက်ကား ခေတ်မီရေးအတွက် ဖြစ်သည်။

ထိုသို့ အစားအသောက်နှင့် အဝတ်အထည် လိုလားမှုသည် ဤကမ္ဘာကြီး၏ ကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်း၏ သုံးချိုးနှစ်ချိုးကို ဖန်တီးသည်။ ကျွန်တော်တို့သည် မည်မျှပညာရှိရှိ၊ မည်မျှ တရားပေါက်ပေါက် ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ အအေးဒဏ်နှင့် ဆာလောင်မှုဒဏ်မှ ကာကွယ်ရန် လိုအပ်သည်။

အစားအသောက်၊ အဝတ်အထည်နှင့် အမိုးအကာတည်းဟူသော အချက်သုံးချက်ကား လူ့ဘဝ၏ အခြေခံလိုအပ်ချက် ဖြစ်သည်။ ဘုရင်ဖြစ်စေ၊ ကဗျာဆရာဖြစ်စေ၊ သင်္ဘောသားဖြစ်စေ၊ ဗိုလ်ချုပ်ဖြစ်စေ၊ တပ်ကြပ်ဖြစ်စေ၊ သတင်းစာသမားဖြစ်စေ၊ ဒဿနပညာရှင်ဖြစ်စေ၊ လူလေလူလွင့်ဖြစ်စေ အထက်ပါ အချက်သုံးချက်ကို အဓိကလိုလားသည်။

အစားအသောက်၊ အဝတ်အထည်၊ အရိပ်အကာတည်းဟူသော အခြေခံအချက်များ မရရှိလျှင် အော့စဖို့နှင့် ကမ်းဘရစ် တည်းဟူသော ပညာရေးအသိုက်အမြုံ တက္ကသိုလ်ကြီးများ မည်မျှ ကာလကြာရှည်စွာ တည်နိုင်ပါမည်နည်း။

ထိုလိုလားချက်သုံးရပ်သည် လူ့ဘဝ၏ အခြေခံမူရင်းပင် ဖြစ်သည်။ သို့သော် အခြားလိုအပ်ချက် အများအပြား ရှိသေးသည်။ ကျွန်တော်တို့၏ သက်တမ်းတစ်ခုလုံးသည် အာသာပြေရုံ သို့မဟုတ်


mgyoe.com

mgyoe.com SAMPLE BOOK

ဆန့်ကျင်၍ တခြားစီ "လိုလားမှု" များဖြင့် ပြည့်နေသည်။ ကွန်ဂို မြစ်ဝှမ်းမှ လူရိုင်းများသည် ကျောက်ပုတီးလည်ဆွဲ လိုချင်သည်။ ကဗျာဆရာသည် ဝက်စ်မင်း(စ)တာကျောင်းတော်တွင် ကမ္ပည်းမှတ်တမ်း အုတ်တစ်ချပ် ပိုင်ဆိုင်လိုသည်။ အပျိုစင်က လင်လိုချင်သည်။ လူတိုင်း လူတိုင်း တစ်စုံတစ်ခု အမြဲလိုချင်တတ်ကြသည်။

စီးပွားရေးလုပ်ငန်းတိုင်းသည် ထိုလိုလားချက် ထောက်ပံ့ခြင်းပေါ် အခြေခံသည်။ ကြော်ငြာတိုင်းသည် လိုလားမှုအသစ်အဆန်း ဖန်တီးချက်နှင့် လိုလားချက်အဟောင်းများကို ပညာပေးလှုံ့ဆော်မှုသာ ဖြစ်သည်။ သင်္ဘောတိုင်း၊ မီးရထားတိုင်း၊ လေယာဉ်ပျံတိုင်းသည် တခြားတစ်နေရာသို့ ရောက်ရှိလိုသော သူတို့၏ လိုလားမှုကို ဖြည့်ဆည်းထောက်ပံ့နေသည်။ စက်ရုံတိုင်း၊ ဆိုင်တိုင်းသည် လူသားတို့၏ လိုလားမှုကို ထောက်ပံ့ဖြည့်ဆည်းရန်အတွက် လည်ပတ်လှုပ်ရှားနေသည်။

လူ့သဘာဝသည် ဆန္ဒဖြင့် ပြည့်ဝနေသော သိစိတ်ပင်ဖြစ်သည်။ ဆာလောင်ငတ်မွတ်၏။ လိုလားတောင့်တတတ်၏။ "ငါ တခြားတစ်ခုခုရှိရင် ကောင်းသား" ဟု အမြဲတစေ ဟစ်ကြွေးနေတတ်သည်။

"ဗုဒ္ဓတရားက လိုလားမှုကင်းမဲ့သော နိဗ္ဗာန်အနေအထားကို ရရှိကြိုးစားရန် စေ့ဆော်သည်။ ဆန္ဒရမ္မက်နောက်ကို အမြဲလိုက်နေလျှင် စိတ်၏ချမ်းသာခြင်းကို မရနိုင်" ဟု ဘုန်းတော်ကြီးတို့ ဆိုမိန့်သည်။ ဤစကား မှန်ကောင်းမှန်မည်။ သို့သော် မည်သည့်ဘုန်းတော်ကြီးမှ အရှင်လတ်လတ် နိဗ္ဗာန်အဆင့် မရောက်ဖူးချေ။ အသက်ရှင်နေသမျှ ကာလပတ်လုံး လိုလားမှုရှိသည်။ အသက်ကင်းမှသာလျှင် လိုလားမှု ချုပ်ငြိမ်းသည်။

နေရာတိုင်း၊ ကိစ္စတိုင်းတွင် ဘဝလွန်းပျံကို ဆန္ဒက ခုတ်မောင်း


mgyoe.com

mgyoe.com
SAMPLE BOOK

နေသည်။ ငှက်များ၊ ငါးများ၊ တောတိရစ္ဆာန်များ နေရာရွှေ့ပြောင်းခြင်းက ထိုအချက်ကို ထောက်ခံသည်။ လူသားမျိုးနွယ်များ နိုင်ငံများ ရွှေ့ပြောင်းမှုက ထိုအချက်ကို ထောက်ပြသည်။ ရောမအင်ပါယာ ဖြစ်ပေါ်မှု၊ အမေရိကတိုက်ကို ရှာဖွေတွေ့ရှိမှုနှင့် ကမ္ဘာ့စစ်ကြီးများက ထိုအချက်ကို ရှင်းလင်းဖော်ထုတ်ပြနေသည်။

ဤအချက်ကို ဇာစ်ဇာစ်မြစ်မြစ် နားလည်သဘောပေါက်သူသည် လောကလမ်းကြောင်းအရပ်ရပ်တွင် ခေါင်းဆောင်ဖြစ်သည်။ လူထုလိုလားချက်ကို ပေးစွမ်းသူသည် စီးပွားရေးလောကတွင် ခေါင်းဆောင်ဖြစ်သည်။ စစ်ရေး၊ စာပေနှင့် ပညာရေး အသိုင်းအဝိုင်းတွင်လည်း ထို့အတူဖြစ်သည်။ နိုင်ငံရေးခေါင်းဆောင်သည်လည်း လူသားတို့ လိုလားချက်ကို ဖြည့်စွမ်းပေးမည်ဟု ကတိပေးသည်။

အကယ်၍ ကျွန်တော်သည် ဘာကာနှင့် ဟာရော့ဒ်ကဲ့သို့ ကုန်တိုက်ကြီးများ ပိုင်ဆိုင်လျှင် ကုန်တိုက်ကြီးများ၏ မျက်နှာစာတွင် အောက်ပါစာတမ်းမျိုးကို စာလုံးကြီးကြီး ရေးချိတ်ဆွဲထားပေမည်။

## "သင်လိုလားသမျှ ဤနေရာတွင် ရနိုင်သည်"

၎င်းစာတမ်းသည် ဆိုင်ကြီးတိုင်း၊ ကုန်တိုက်ကြီးတိုင်းနှင့် သင့်တင့်လျောက်ပတ်သော ဆောင်ပုဒ်ဖြစ်သည်။

ဈေးဝယ်သူတစ်ဦးသည် ဈေးနှုန်းထက် ပစ္စည်းကို ပိုလိုလားသူဖြစ်ကြောင်း အောင်မြင်သော ကုန်သည်တိုင်း သဘောပေါက် နားလည်သည်။ ထို့ကြောင့် အရောင်းအဝယ်ပညာ၏ ဆန်းသစ်မှုတစ်ရပ်ကား လူတို့၏ လိုလားမှုကို ဖန်တီးအားဖြည့်ရေးပင်ဖြစ်သည်။

သင်သည် လူတို့လိုလားသည့်အရာကို ပေးနိုင်လျှင်ပေး သို့မဟုတ် သင့်တွင်ရှိသည့်အရာကို လိုလားအောင် စေ့ဆော်ရမည်။


mgyoe.com

mgyoe.com SAMPLE BOOK

ထိုနည်းလမ်းနှစ်ရပ်မှာ စီးပွားရေးအောင်မြင်မှု ဖြစ်စေသော နည်းလမ်းနှစ်ရပ်ဖြစ်သည်။ တတိယနည်းလမ်း မရှိချေ။ အောင်မြင်မှုသည် သင့်အတွက် သင်လုပ်ကိုင်သော ကိစ္စသာမဟုတ်ချေ။ အဓိကအားဖြင့် တစ်ပါးသူတို့က သင့်အတွက် လုပ်ကိုင်ပေးသော ကိစ္စဖြစ်သည်။

အစွမ်းအစနှင့် အောင်မြင်မှုသည် အလွန်ပင် ကွဲပြားခြားနားသည်။ ဤနေရာတွင် အောင်မြင်မှုကိုသာ ဆိုညွှန်းပြပါမည်။ ကဗျာဆရာများ၊ ပန်းချီဆရာများ၊ တီထွင်မှုပညာရှင်များ၊ ဦးဆောင်ဦးရွက်ပြုသူ ပုဂ္ဂိုလ်အတော်များများသည် ၎င်းကွဲပြားမှုကို သဘောမပေါက်ချေ။ ၎င်းတို့သည် လူတို့ လိုလားချက်ကို လျစ်လျူရှုသည်။ မိမိကျေနပ်မှုကိုသာ မိမိရှာသည်။ မိမိအတွေးအခေါ်ကိုသာ မိမိ နားဆင်သည်။ မိမိယူဆချက်ကိုသာ မိမိဖန်တီးသည်။ ၎င်းတို့က လူထုကို ဥပေက္ခာ ပြုထားသောကြောင့် သဘာဝကျစွာပင် လူထုက ၎င်းတို့ကို ပြန်၍ ဥပေက္ခာပြုကြသည်။ လူထုက ၎င်းတို့၏ ကဗျာ သို့မဟုတ် ပန်းချီကား သို့မဟုတ် စက် ယန္တရားကို လိုလားခြင်းမရှိ။ ဝယ်ယူခြင်း ငြင်းပယ်သောကြောင့် ၎င်းတို့ ဆင်းရဲငတ်မွတ်ရသည်။

ထိုအချက်ကား ထင်သလို မတရားချေ။ ကိုယ့်ကိတ်မုန့် ကိုယ့်ဘာသာ ကိုက်စား၍ တစ်ပါးသူတို့၏ ထောမနာကို လိုချင်၍ မရချေ။ လူထုကျေနပ်အောင် စွမ်းဆောင်လျှင် လူထုက သင့်ကို ကြွယ်ဝအောင် ဆောင်ရွက်ပေးမည်။ သို့သော် သင့်ကိုသာ သင် ကျေနပ်အောင် ဆောင်ရွက်နေလျှင် သင့်ကိုသာသင် ထောမနာပြုခြင်းနှင့် ကျေနပ်ရမည်။ နှစ်ပေါင်းများစွာ ကြာညောင်းသောအခါတွင် လူထုက သင့်စေတနာကို သိပြီး ထောပဏာပြုပါစေဟု မျှော်လင့်ရုံသာရှိသည်။

သင်သည် စီးပွားရေးလောကထဲတွင် ရှိနေလျှင် လူတို့၏ လို


mgyoe.com

mgyoe.com SAMPLE BOOK

လားမှုကို လေ့လာရမည်။ သင်သည် သာမန်အတွေးအခေါ် သို့ မဟုတ် ခံစားချက်သာရှိသူ မဟုတ်လျှင် သင့်ဆန္ဒသင်ဖြည့်ပြီး ကျေနပ်မနေသင့်ချေ။ စိတ်ထင်တိုင်း ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက် လုပ်ဝံ့မည်မဟုတ်။ သင်၏ တာဝန်ဝတ္တရားများက သင်ကျေနပ်သလို လုပ်ခွင့်ပေးမည် မဟုတ်ချေ။

ထို့ကြောင့် လူတိုင်း လိုလားမှုရှိသည်ဟူသော အထင်ကရ အချက်သည် အရေးအကြီးဆုံး၊ လက်တွေ့အကျဆုံး အချက်တစ်ချက်မှန်း သဘောပေါက်ရမည်။ ထိုအချက်သည် စီးပွားရေးလုပ်ငန်း အတွက်သာမဟုတ်။ လောကဝတ္တရားချည်းဖြစ်သည်။

အကျိုးရှိသော အလုပ်ကို လုပ်ကိုင်ခြင်း၊ လူမှုရေးဆောင်ရွက်ခြင်းဖြင့် မည်မျှ နှစ်ထောင်းအားရ ရှိနိုင်သည်ကို ကျွန်တော်တို့၏ ရင်သွေးများ တတ်သိနားလည်အောင် သင်ကြားပေးရန် လိုသည်။

လူ့သဘာဝကို စတင်လေ့လာသုံးသပ်လျှင် ထိုမဟာအချက်ကြီးနှင့် ပထမဦးဆုံး ရင်ဆိုင်ရပေလိမ့်မည်။

❑


mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း – ၂

## လူတိုင်း ခံစားတတ်သည်

အသည်းအမာဆုံးပုဂ္ဂိုလ်ဟု ဆိုညွှန်းပြလောက်သော ဟာဘတ်စပင်ဆာသည်ပင် အသက်အရွယ် ရလာသောအခါတွင် "ဦးနှောက်သည် တစ်ဝက်မျှ ခံစားတတ်သည်" ဟု ဝန်ခံခဲ့ရသည်။

ဦးနှောက်ဟု ကျွန်တော် ခေါ်ညွှန်းသော အင်္ဂါအစိတ်အပိုင်းတို့ ဆင်ခြင်တုံတရား၊ ယထာဘူတတရားနှင့် ဂဏန်းသင်္ချာလောက်သာ စိုးမိုးနေသည်မဟုတ်။

ကျွန်တော်တို့သည် အချက်အလက်များ တစိုက်မတ်မတ် ရှာဖွေနေကြသည်မဟုတ်။ သမားရိုးကျ ဦးနှောက်တစ်ခု မလိုလား မနှစ်မြို့က် ပယ်ချန်လေ့အရှိဆုံးမှာ အချက်အလက်တစ်ခုကို ရှာဖွေခြင်းပင်ဖြစ်သည်။

တစ်ဦးဦး တစ်ယောက်ယောက်က အချက်အလက်တစ်ခုခု



mgyoe.com

mgyoe.com SAMPLE BOOK

တွေ့ကြုံ၍ ၎င်းအချက်အလက်ကို လူသိရှင်ကြား တင်ပြလာလျှင် ထိုသူကို လူသားထုတစ်ရပ်လုံးက အပြေးအလွှား တိုက်ခိုက်နှင်းချေ တတ်သည်။ တစ်နည်း သူနှင့် သူ၏အချက်အလက်ကို ချေမှုန်းပစ် သည်။ လူ့သမိုင်းတစ်လျှောက်တွင် ဤအဖြစ်မျိုး အကြိမ်ပေါင်း ရာချီ ထောင်ချီ ဖြစ်ဖူးသည်။

ဆင်ခြင်သုံးသပ်မှုသည် အသစ်အဆန်းဖြစ်သည်။ သိပ္ပံသည် အသစ်အဆန်းဖြစ်သည်။ ယဉ်ကျေးမှုဆိုသည်မှာ လတ်တလော ကာလ စမ်းသပ်ချက်တစ်ရပ်သာ ဖြစ်သည်။ ယဉ်ကျေးမှုသည် သစ်ပင်အိုတစ်ပင်တွင် ရုတ်တရက် ပွင့်လန်းလာသော ဖျက်ဆီးနိုင် သည့် ပန်းပွင့်လှလှ လွှင်လွှင်သာဖြစ်သည်။

ရှေးဟောင်းသမိုင်း၊ ရှေးဟောင်းရာဇဝင်ကို ထောက်ပြပြောဆို နေသူ အများအပြားရှိသည်။ ရှေးဟောင်းသမိုင်းဟူ၍ မရှိချေ။ မှတ် တမ်းတင်ထားသော သမိုင်းသည် ရှေးမကျချေ။ လူသားမျိုးနွယ်သည် မှတ်တမ်းတင်သမိုင်း မပေါ်မရှိဘဲ နှစ်ကာလ ထောင်သောင်းချီ အသက်ရှင်လာခဲ့သည်။ လူသားမျိုးနွယ်သက်တမ်း ဆယ်ချိုးတစ်ချိုး သည် သမိုင်းဦးကာလ အဖြစ်အပျက်ဖြစ်သည်။ ကျွန်တော်တို့သည် ၎င်းအဖြစ်မှန်ကို ခေါင်းမာမာနှင့် မျက်ကွယ်ပြုနေသည်။

လူသားမျိုးနွယ် သက်တမ်းတစ်ခုလုံးကို ၁၂ နာရီ ကာလ အတွင်းသို့ အနှစ်ချုပ်နိုင်ပါလျှင် ပထမပိုင်း ၁၁ နာရီခွဲသည် သမိုင်းဦး သက်တမ်း ဖြစ်သည်ကို တွေ့ရမည်။ ဘေဘီလုံနှင့် အဆီရီးယား ယဉ်ကျေးမှုတို့သည် လွန်ခဲ့သော မိနစ် ၂၀ ကသာ ပေါ်ပေါက်လာ ခဲ့သည်။ ဘီကွန်သည် လွန်ခဲ့သော နှစ်မိနစ်ကာလကမှ သိပ္ပံနည်း စနစ်ကို တွေ့ရှိခဲ့သည်။ ဝပ်(တ်) သည် လွန်ခဲ့သော မိနစ်ဝက်ကမှ ရေနွေးငွေ့အင်ဂျင်ကို စတင်တွေ့ရှိခဲ့သည်။

လူသားမျိုးနွယ် ခေတ် ကာလကို ၁၂ နာရီဟု သတ်မှတ်ပြီး


mgyoe.com

mgyoe.com SAMPLE BOOK 

လက်ရှိကာလသည် နှစ်တစ်သိန်း ရှစ်ထောင်ကာလဖြစ်သည်ဟု သဘောပေါက်လျှင် ကျွန်တော်တို့ စက်ယန္တရားခေတ် ကာလသည် လွန်ခဲ့သော စက္ကန့် ၃၀ ကမှ ပေါ်ခဲ့သည်ကို မြင်တွေ့ရမည်။

ဤအချက်ကို ဖြစ်နိုင်လျှင် သင့်ခေါင်းထဲ သွင်းကြည့်ပါ။ ထိုအခါတွင် ခံစားချက်၏ အရေးပါမှုကို သဘောပေါက်လာလိမ့်မည်။

သင်ကြားလေ့လာမှု၊ ဆင်ခြင်တုံတရားနှင့် သိပ္ပံပညာတို့ အတွင်း၌ နက်နက်ရှိုင်းရှိုင်းတွင် ခံစားချက်တည်းဟူသော ခိုင်မာသည့် ထာဝရအဆောက်အအုံ ရှိသည်။ ကျွန်တော်တို့သည် အစမ်းသပ်မခံရမီ ကာလအထိ ဆင်ခြင်တုံတရား ပြည့်ဝပြီး သိက္ခာ၊ သမာဓိ ပြည့်စုံတတ်သည်။ ပြင်းထန်သော တိုက်ခိုက်မှုက အပေါ်ယံ အရောင်တင်ထားမှုကို ပွတ်ချသွားသည်။

အမှန်တရားကို ချစ်မြတ်နိုးခြင်းသည် ဗီဇအသိမဟုတ်ချေ။ သူ့အလိုလို ဖြစ်မလာပါ။ သံလွင်ဆီများကို နှစ်ခြိုက်သကဲ့သို့ မှီဝဲပြီးမှ ရတတ်သော ခံစားချက်ဖြစ်သည်။ ဤလောကကြီးတွင် အမှန်တရား ချစ်မြတ်နိုးသူ နည်းပါးလှသည်။

နှစ်ပေါင်းထောင်ချီ၍ အဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်ပြီးနောက်တွင် အချို့နိုင်ငံများတွင် စည်းစနစ်၊ ဥပဒေနှင့်ညီသော ထိန်းချုပ်မှု ရှိပုံရလာသည်။ ဤသို့သော အခြေအနေရောက်ရန် အတော်ကြိုးစားရသည်။ ယဉ်ကျေးပုံရပြီး မယဉ်ကျေးသော လူများ၊ နိုင်ငံအများအပြား ရှိနေသည်။

အကြီးကျယ်ဆုံးသော မြို့တော်များတွင် အယုတ်ညံ့ဆုံး သောရိုင်းစိုင်းမှုရှိကြောင်း သိရန်အတွက် ကျွန်တော်တို့ကဲ့သို့ပင် စနေနေ့တစ်ညတွင် အီဒင်ဘတ်မြို့၊ ကောင်းဂိတ်ရပ်ကွက်သို့ ဝင်ကြည့်ရန်သာ လိုသည်။

အသိမ်မွေ့ဆုံးသော ခံစားချက်နှင့် အရက်စက်အကြမ်းကြုတ်


mgyoe.com

mgyoe.com SAMPLE BOOK

ဆိုးသော ခံစားချက်ကိုလည်း ကြမ်းတမ်းသော လူထုလူတန်းစားများတွင် တွေ့ရသည်။ ဆင်းရဲသားရပ်ကွက်တွင် ပွင့်သောပန်းကို လူအချစ်ဆုံးဖြစ်သည်။ သူကြွယ်လူတန်းစားများကြားထက် ဆင်းရဲသူလူတန်းစားများတွင် ကူညီတတ်သော သနားကြင်နာမှု၊ မြတ်နိုးစာနာမှုကို တွေ့ရတတ်သည်။ သဒ္ဓါတရားတွင်မူ သူကြွယ်တို့၏ အလှူအတန်းနှင့် ဆင်းရဲသားတို့၏ အလှူအတန်းကို မနှိုင်းသာချေ။ မိမိပိုင်ဆိုင်မှု တစ်ဝက်မျှကို မိမိ၏ မိတ်ဆွေအား လွယ်လွယ်ကူကူ ပေးပစ်လိုက်တတ်သော အလုပ်သမားများ ရှိနေသည်။

သိပ္ပံပညာသည် ရာစုနှစ်အနည်းငယ်မျှသာ သက်တမ်းရှိသော်လည်း ခံစားချက်သည် လူသားမျိုးနွယ် သက်တမ်းတမျှ ကြီးရင့်နေသည်။ လူသားမျိုးနွယ်တို့ ဖွံ့ဖြိုးစေခဲ့သော အဓိကအကြောင်းရပ်တစ်ခုပင်ဖြစ်သည်။

ခံစားချက်တွင် မနာလိုမှု၊ မုန်းတီးမှု၊ သောက၊ ကဲ့ရဲ့မှု၊ ရယ်မောခြင်း၊ ရှက်ရွံ့မှု၊ ဒေါသ၊ ကရုဏာ၊ စိတ်ပျက်မှုနှင့် မေတ္တာ အားလုံး သိမ်းကြုံးပါဝင်သည်။ ထိုအချက်တို့မှနေ၍ လူ့သဘာဝ ပေါ်ထွက်လာသည်။

အစိုင်အခဲဖြစ်ပုံရသော ဤကမ္ဘာမြေဂြိုဟ်ကြီးသည် မြေသားလွှာပါးပါး ဖုံးလွှမ်းနေသော မီးလျှံမီးလုံးကြီး ဖြစ်သကဲ့သို့ပင် လူ့သဘာဝသည် ဓလေ့ထုံးတမ်း ဥပဒေတည်းဟူသော ပါးလွှာသည့် အဖုံးအကွယ်အောက်မှ ပြင်းပြင်းတောက်နေသော အရာသည် ခံစားချက်ပင်ဖြစ်သည်။

မြင့်မားခိုင်ခံ့သော အဆောက်အအုံတစ်ခုကို တည်ဆောက်လိုလျှင် လူ့နှလုံးသား၏ ရှေးဟောင်းခံစားချက်တွင် ပန္နက် နက်နက်ချရမည်။ ခံစားချက်ကို အန်တုု၍မရ။ ခံစားချက်ကို ဓာတုဗေဒဖြင့် တိုက်ခိုက်၍ မရချေ။ ကမ္ဘာတည်သရွေ့ ၄င်းအချက်ကို ထပ်မံ စော


mgyoe.com

ဒကတက်ရန် လိုမည်မဟုတ်။

ဥပဒေသည် အင်အားကြီးမားသည်။ ဓလေ့ထုံးစံသည် ပို၍ အင်အားကြီးမားသည်။ သို့သော် ၄င်းနှစ်ရပ်လုံးသည် အကြောင်းတရားထက် အကျိုးတရားသဘော ပိုသက်ရောက်၏။ ၄င်းတို့နှစ်ရပ်စလုံးကို ခံစားချက်က ဖန်တီးသည်။ ၄င်းနောက်တွင် ခံစားချက်ရှိမှသာလျှင် စိတ်ချလက်ချ စည်းကြပ်၍ရသည်။

နိုင်ငံတစ်ခု၏ တေးသီချင်းများ၊ ဟာသများ၊ ဒိုရိုက်မှုများ၊ ဂီတ၊ ပန်းများ၊ ဆည်းဆာများ၊ မုန်တိုင်းများ ၄င်းတို့သည် အစိုးရ၊ ဘာသာတရားရေးနှင့် စီးပွားရေးတို့ကို တည်ဆောက်ဖျက်ဆီးသော အခြေခံအကြောင်းတရားများ ဖြစ်သည်။

ကျွန်တော်တို့သည် ခံစားချက်ဟုခေါ်သော ဤလောက စွမ်းအားမှ ရှောင်တိမ်း သို့မဟုတ် ဥပေက္ခာပြုနိုင်ခြင်း မရှိချေ။ ငွေကြေး၊ သချ်ာနှင့် အတွင်းရေးမှုးများကိုသာ လူ့ဘဝ၏ အဓိကအင်အားများ အဖြစ် ယူမှတ်ကျင့်သုံး၍ မရချေ။

စက်ယန္တရား၊ အလိုအလျောက် အော်တိုမက်တစ်စနစ်၊ ပုံစံရိုက်သွင်းမှုနှင့် ကတ်ပြားစနစ်ပေါ်တွင် အခြေခံတည်ဆောက်ခြင်းဖြင့် ထက်မြက်မှုကို မရနိုင်ချေ။ လူသားမဆန်သော စက်ယန္တရားမှ မည်သို့သော ထက်မြက်မှုမှ မထွန်းပေါက်နိုင်ချေ။

ထက်မြက်တတ်ကျွမ်း နားလည်သိတတ်မှုသည် ဘုရားသခင်နှင့် လူအကြား ပြန်လည်နွှေးထွေးသော ခင်မင်မှုဖြစ်သည်။

ကျွန်တော်တို့ ဆိုင်များ၊ စက်ရုံများတွင် လူ့သဘာဝကို ရှာဖွေတွေ့ရှိတတ်သည်။ ဝန်ထမ်းများ သင်တန်းပို့ချမှု၊ လူထုအစည်းအဝေးများ ပြုလုပ်ခြင်း၊ အလုပ်သမား ကော်မတီဖွဲ့ခြင်းနှင့် တရားမျှတသော အပေးအယူ လုပ်ခြင်းတို့သည် ထက်မြက်မှုဖြစ်စေသော အချက်များပင် ဖြစ်လေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

စနစ်တကျ အုပ်ချုပ်ထားသော စက်ရုံသည် မီးသွေးစွမ်းအင်နှင့် ကြွက်သားစွမ်းအင်ဖြင့် လည်ပတ်ရသလို နှလုံးသားစွမ်းအင်လည်း လိုအပ်သည်။ ခံစားချက်သည် လူတို့ကို အလုပ်လုပ်ခိုင်းသည်။ အရာဝတ္ထုတို့ကို အလုပ်လုပ်ခိုင်းထားခြင်း မဟုတ်ချေ။ လူသားအချင်းချင်း ငြိမ်းချမ်းခင်မင်စွာ နေထိုင်ရေးကို နှလုံးသားခံစားချက်က အလေးအမြတ် ပြုထားပါသည်။

စစ်ပွဲတစ်ခုတွင် တပ်မတော်၏ စိတ်ဓာတ် (ဝါ) ခံစားချက်ထက် အရေးပါသောအချက် မရှိချေ။ စက်မှုလောကတွင်လည်း ထိုအတိုင်းဖြစ်သည်။ စက်ရုံတစ်ရုံသည် ၎င်း၏ အလုပ်သမားများ၏ ရင်ထဲတွင် အောင်မြင်မှု၊ တက်ကြွမှုနှင့် စိတ်ဓာတ်ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်သည်။

လက်လီဆိုင်တွင်လည်း ကုန်ပစ္စည်းအပြင် သီးခြားစရိုက်သဘာဝရှိသည်။ ဆိုင်တစ်ဆိုင်က အေးတိအေးစက် ခပ်မောက်မောက် ထီမထင်ဟန် ရှိတတ်သည်။ တခြားတစ်ဆိုင်ကမူ ဖော်ရွေလိုက်လျော ဝပ်ကျိုးမှု ရှိတတ်သည်။ ဈေးဝယ်အမျိုးသမီးတိုင်းသည် ၎င်းတို့ရပ်ကွက်တွင်းရှိ ဆိုင်များ၏ စရိုက်သဘာဝကို ပြောပြနိုင်သည်။

ရှဲ(လ်)ဒွန် ထောက်ပြသကဲ့သို့ပင် အရောင်းအဝယ်ပညာ၏ အနှစ်သာရသည် ဖောက်သည် သိရှိခံစားမှုကို သိရှိခံစားနိုင်စွမ်းပင် ဖြစ်သည်ဟူသော အချက်ကို ဒွိဟများရန် မရှိချေ။ ဖောက်သည်တစ်ဦး၏ အမြင်ကို သဘောပေါက်နားလည်မှု ရှိခြင်းကို မည်သည့် ကုန်ပစ္စည်း ပြသမှု၊ ပညာသားပါပါ စောဒကတက်မှု သို့မဟုတ် အရောင်းအဝယ် ပါးနပ်မှုက အစားမထိုးနိုင်ချေ။

ရှဲ(လ်)ဒွန် ပြောကြားသကဲ့သို့ပင် အရောင်းသမား၏ အဓိကထား လုပ်ရမည့်အချက်ကား "မျက်နှာပေးအာရုံစိုက်မှု ရရှိအောင်

mgyoe.com SAMPLE BOOK 

ကြိုးစားရေး" ပင်ဖြစ်သည်။ ဤအချက်ကို ခံစားချက်ဖြင့်သာ ပိုမို လွယ်ကူရနိုင်သည်။ မည်သည့် အရောင်းအဝယ်ကျွမ်းကျင်သူ ဖြစ်ပါစေ၊ ဒေါသထွက် သံသယရှိနေသော ဖောက်သည်ကို ပထမ ကြည်ဖြူအောင် ပြုလုပ်နိုင်မှသာလျှင် မိမိအရောင်းကို လက်ခံစေနိုင်မည် ဖြစ်သည်။

ပညာရေးတွင်လည်း ထို့အတူပင် ဖြစ်သည်။ မိမိကျောင်း၊ မိမိဆရာ၊ ဆရာမကို ချစ်မြတ်နိုးသူကိုသာလျှင် ကောင်းကောင်းမွန်မွန် ပညာသင်ကြားပေးနိုင်သည်။ မိမိသင်ခန်းစာကို ရွံမုန်းသူ၊ မိမိ ပါမောက္ခကို စက်ဆုပ်ကြောက်လန့်သူ၊ မိမိ၏ ကောလိပ်ကို ပျင်းရိငြီးငွေ့ဖွယ်ရာ အသိုက်အမြုံဟု သဘောထားပြီး အားကစားဘက်သာ တပ်မက် လိုက်စားနေသူကို အသိပညာ လိုလားအောင် မပြုနိုင်ချေ။

အတတ်ပညာ၊ အသိပညာ ရှာဖွေစူးစမ်းမှုကို အရေးအကြီးဆုံး အချက်အဖြစ် ထင်မြင်သင့်သည်။

ဤလူ့ခံစားချက်တည်းဟူသော လူ့သဘာဝသည် အနက်ရှိုင်းဆုံး၊ အလေးနက်ဆုံး လေ့လာသင့်သော သဘာဝဖြစ်သည်။ ခံစားချက်ကို ထည့်မတွက်ဘဲ ဖြေရှင်းနိုင်သော လူ့ပြဿနာ တစ်ခုမှမရှိချေ။

ကျောင်းဖြစ်စေ၊ စက်ရုံဖြစ်စေ၊ ကောလိပ်ဖြစ်စေ၊ အလုပ်သမားအဖွဲ့အစည်းဖြစ်ပါစေ ၄င်းတို့သည် အဓိကအားဖြင့် ခံစားချက်ဖြင့် လွှမ်းမိုးနေသော ဌာနများဖြစ်သည်။ ကျွန်တော်သည် ဤအမှန်တရားကို ထောမနာလည်းမပြု၊ ရှုတ်ချမှုလည်း ပြုနေခြင်းမဟုတ်ချေ။ ကျွန်တော်တို့အားလုံး မေ့လျော့လေ့ရှိသော အထင်ရှားဆုံး အမှန်တရားကို ထောက်ပြနေခြင်းသာ ဖြစ်သည်။

အချက်အလက် မပေါ်ခင်ကပင် ခံစားချက်ရှိသည်။ ထင်မြင်

 mgyoe.com

mgyoe.com SAMPLE BOOK

ချက် မပေါ်ခင်က ခံစားချက်ရှိသည်။ တခြားမည်သည့်အချက်မျှ မပေါ်ခင်ကပင် ခံစားချက်ရှိသည်။ ဤကမ္ဘာဂြိုဟ်ကြီး၏ လျှို့ဝှက်ဆန်းကြယ်သော အင်အားဖြစ်သည့် ခံစားချက်၏ ပြင်းပြသော အစွမ်းအစကို သဘောပေါက်နားလည်မှု မရှိမချင်း မည်သူမျှ မိမိနေထိုင်ရာ မိမိပတ်ဝန်းကျင်နှင့် မိမိကိုယ်တိုင်၏ သဘာဝကို နားလည်မည် မဟုတ်ချေ။

❑


mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း – ၃

## လူတိုင်း စိုးရိမ်ကြောင့်ကြတတ်သည်

စိုးရိမ်ကြောင့်ကြမှုသည် အခြေခံအကျဆုံး အကျယ်ပြန့်ဆုံး ခံစားချက်ဖြစ်သောကြောင့် ၎င်းအား အခန်းတစ်ခန်း သီးခြားပိုင်း၍ သုံးသပ်ရန်လိုသည်။

စိုးရိမ်မှုသည် အပြင်းထန်ဆုံးသော တွန်းအားဖြစ်သည်။ ဘဝတစ်မျှ သက်တမ်းကြာမြင့်သည်။ အမြဲတစေ နေရာတကာတွင် လူသားဆောင်ရွက်မှု၏ အဓိကအကြောင်းတရား ဖြစ်တတ်သည်။

သဘာဝ၏ ပထမဦးဆုံး နိယာမကား မိမိကိုယ်မိမိ တည်တံ့အောင် ထိန်းသိမ်းမှုဖြစ်သည်။ ကျွန်တော်တို့ အသက်ရှင်လိုသည်။ သက်ရှိနေထိုင်မှုတွင် ပျော်ရွှင်တတ်သည်။ ထို့ကြောင့် ကျွန်တော်တို့ ပျက်ပြား သို့မဟုတ် ထိခိုက်နစ်နာစေမည့် အချက်ကို စိုးရိမ်ထိတ်လန့်သည်။

ကျွန်တော်တို့၏ စိုးထိတ်မှုသည် သင်ကြားမှု၊ တတ်မြောက်



mgyoe.com

mgyoe.com SAMPLE BOOK

မှုမှ လာပုံမရသော ထူးခြားသည့် ဗီဇအသိပင် ဖြစ်သည်။ ကျွန်တော်တို့သည် ကျွန်တော်တို့နားမလည်သော အချက်တိုင်းကို ကြောက်လန့်သည်။ သေးငယ်သော သိုးသည် နွားမကို ကြောက်လန့်သည်။ ငှက်ပေါက်လေးသည် လူငယ်လေးကို ကြောက်သည်။ တောတွင်းသားအရိုင်းအစိုင်းသည် အသံချဲ့စက်ကို ကြောက်လန့်သည်။

တောတွင်းသား အရိုင်းအစိုင်းများအတွက် ဤအချက် မှန်မည်ဖြစ်သော်လည်း ယဉ်ကျေးသော လူသားတို့အတွက် မမှန်နိုင်ချေ။ ဥပမာအားဖြင့် လန်ဒန်သားတစ်ယောက်ကို စိုးရိမ်ကြောက်လန့်စိတ်လွှမ်းမိုးနေသည်ဟု မဆိုနိုင်ဟု စာဒကတက်ကောင်း တက်မည်။

ထိုစာဒကတက်ချက် မမှန်ချေ။ နေရာတကာနှင့် အမြဲထာဝရ စိုးရိမ်ထိတ်လန့်မှုရှိသည်။ ကွန်ဂိုတောနက်ထဲမှ ရွှံ့အိမ်တွင် နေထိုင်သော တောရိုင်းသားကဲ့သို့ လန်ဒန်မြို့ကြီးသားလည်း ကြောက်လန့်တတ်သည်။

စိုးရိမ်ထိတ်လန့်မှု အမျိုးမျိုးအဖုံဖုံ ရှိသည်။ တောတွင်းသားက ခြင်္သေ့၊ ကျား၊ မြွေနှင့် အခြားတောတွင်းသားကို ကြောက်လန့်သည်။ လန်ဒန်သားသည် ဒေဝါလီခံရကိန်း၊ ဂုဏ်သရေပျက်ကိန်း၊ ကင်ဆာရောဂါနှင့် သူခိုးသူဝှက်တို့ကို ကြောက်လန့်သည်။

မည်သို့ပင် ရဲရဲတင်းတင်း ကြည့်သည်ဖြစ်ပါစေ စိုးရိမ်ကြောက်လန့်မှုပင်ဖြစ်၍ မိမိကိုယ်မိမိ စိုးရိမ်ကြောက်လန့်မှု ကင်းနေသူဟု ထင်မှတ်မမှားသင့်ချေ။

မည်သူမျှ တိတိပပ သူရဲဘောကြောင်သူလည်း မရှိပါ။ တကယ်ပင် သတ္တိကင်းမဲ့နေသူ ဖြစ်ပါလျှင် အသက်ရှင်ရေး လွယ်မည်မဟုတ်ချေ။ ထို့အတူ မည်သူမျှ စိုးရိမ်ကြောင့်ကြမှု တိတိပပ ကင်းသည်ဟု မရှိသေးချေ။

လူတိုင်းလူတိုင်းတွင် မူပိုင်ကြောက်လန့်စိုးရိမ်မှု အဖုံဖုံရှိသည်။ သူရသတ္တိ ဆုတံဆိပ်ရရှိသော စစ်သည်သည် ဂုဏ်သိက္ခာကျ၊


mgyoe.com

mgyoe.com SAMPLE BOOK

နာမည်ပျက်ရမည့် အဖြစ်ကို ရင်မဆိုင်ဝံ့ချေ။ ရန်လိုသော လူအုပ်ကြီးကို ရင်ဆိုင်ဝံ့သော တရားဟောဆရာသည် ဇနီးသည်၏ ဒေါသကို ကြောက်လန့်၏။ ရန်သူလေယာဉ် အများအပြားကို ပစ်ချခဲ့သော လေသူရဲသည် မိမိ ဒေဝါလီခံရကိန်း ဆိုက်နေသည်ကို လူသိမှာစိုး၍ သြစတြေးလျတိုက်သို့ ထွက်ပြေးသည်။ ထိုသို့သောအဖြစ်မျိုး အစုံ စုံ အဖုံဖုံ ရှိသည်။

အန္တရာယ်ကို ဝံ့ဝံ့ရဲရဲ စိန်ခေါ်စွန့်စားရဲသည့်တိုင်အောင် သွားကိုက်လျှင်၊ အနာစိမ်းပေါက်လျှင် အသံတုန်အောင် ကြောက်လန့်သူ အများအပြား ရှိသည်။

ကျွန်တော်သည် နာကျင်မှုကင်းမဲ့စွာ နေထိုင်နိုင်လျှင် ထာဝရ အသက်ရှင် နေထိုင်လိုပါသည်။ သို့သော် လောက သို့မဟုတ် ကောင်းကင်ဘုံတွင် နေထိုင်ခွင့်ရရန်အတွက် နာကျင်မှုဝေဒနာဖြင့် ပေးဆပ်ရမည်ဆိုပါလျှင်မူ ကျွန်တော် ငြင်းပယ်ရမည် ဖြစ်ပါသည်။

သို့တိုင်အောင် မိမိဘဝ ပျော်ရွှင်ရေးအတွက် နေ့စဉ် နာကျင်မှုဝေဒနာ ခံစားကြသော မိန်းမသား အများအပြား၊ ယောကျ်ားသား အနည်းငယ် ရှိကြသည်။ မိခင်ဖြစ်မှု၏ အဖိုးအခသည် ဝေဒနာဖြစ်သည်။ သို့တိုင်အောင် မိန်းမသားတို့သည် ၎င်းတို့၏ ရင်သွေးတို့ကို လက်ခံရယူရန် ထိုဝေဒနာလှောင်အိမ်ထဲသို့ ဝမ်းမြောက်ဝမ်းသာ ဝင်ကြသည်။

စစ်မှန်သော အားကစားမှုတိုင်းတွင် အန္တရာယ်ရှိသည်။ စိုးရိမ်ကြောက်လန့်မှုကို ကျေနပ်မွေ့လျော်မှုအဖြစ် ပြောင်းလဲပေးသော အန္တရာယ်မျိုး ဖြစ်သည်။ ၎င်း၏ ထူးခြားသော အချက်ကပင် ကျွန်တော်တို့အား အကြောက်အလန့်ကို ကျော်လွှားနည်း သင်ပေးနေသည်။

ကျွန်တော်တို့သည် ဘဝကို စွန့်စားမှုတစ်ရပ်၊ ကစားပွဲတစ်ခုအဖြစ် ခံစားရသော်လည်း ပျော်ရွှင်စရာကောင်းသော ကစားပွဲအဖြစ်


mgyoe.com

mgyoe.com SAMPLE BOOK

ခံယူနိုင်ပါလျှင် စိုးရိမ်ကြောက်လန့်မှုကို ချေဖျက်၍ ရမည်။

မည်မျှ ခြိမ်းခြောက်မော်ကြွားသည် ဖြစ်ပါစေ၊ ဗိုလ်ကျသူ တစ်ဦးသည် သူ့ သတ္တိရှိကြောင်း တွေးခေါ်စဉ်းစားတတ်သူများ ယုံကြည်လက်ခံအောင် မပြနိုင်ချေ။ ဤအချက်ကား မီးဆို လောင်မည်။ ရေဆို စီးဆင်းမည်ဟူသော အချက်အတိုင်း ပီပြင်သော လူ့သဘာဝ အချက်တစ်ချက် ဖြစ်သည်။

လူသားအဖွဲ့အစည်းများသည် အင်္ဂလန်နိုင်ငံတွင် ပထမဦးဆုံး ပေါ်ခဲ့သည်။ တိရစ္ဆာန်များကို ကရုဏာထားရှိရေး၊ အကျဉ်းသားများ၊ စိတ်မနှံ့သူများ၊ ကလေးသူငယ်များ၊ ကျေးကျွန်များကို သနားကြင်နာရေးတို့သည် အမျိုးသားအကျင့်စရိုက်များ ဖြစ်လာသည်။ ကမ္ဘာပေါ်တွင် အလုံခြုံဆုံးနိုင်ငံဟု ဆိုညွှန်းပြသော နိုင်ငံတွင် လူ့သဘာဝ ကြောက်လန့်စိုးရိမ်မှု ပထမဆုံး ပယ်ဖျက်သွားပြီး ကြင်နာမှု၊ တရားမျှတမှု အစားထိုး နေရာယူလာသည်။

တစ်နေ့နေ့ တစ်ချိန်ချိန်တွင် စိုးရိမ်ကြောက်လန့်မှုကင်းသော ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွက်ရေးသည် လူသားမျိုးနွယ် တစ်ရပ်လုံး၏ အကြီးမားဆုံးသော မျှော်လင့်ချက်ဖြစ်သည်။ စစ်မဖြစ်၊ ဖိနှိပ်မှုကင်း၊ ဆင်းရဲမှုပပျောက်၊ အကြမ်းဖက်မှု ဆိတ်သုဉ်းနေသော ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွက်ရေးသည် မည်သည့်အခါမှာမှ တကယ်တမ်း အကောင်အထည်မပေါ်သည့် စိတ်ကူးယဉ်အိပ်မက် ဖြစ်ကောင်းဖြစ်မည်။ သို့သော် ကျွန်တော်တို့ ဝါယမစိုက်ထုတ် ကြိုးပမ်းသင့်သော အတွေးတစ်ရပ်ပင် ဖြစ်သည်။

ထိုသို့ ကြိုးပမ်းနေသော ကာလအတွင်း၌ ကျွန်တော်တို့သည် သဘောတရားရေးရာသမားများ ဟုတ်သည်ဖြစ်စေ၊ မဖြစ်စေ၊ ကျွန်တော်တို့၏ ကိုယ်ပိုင်စိုးရိမ်စိတ်များကို လက်တွေ့အကျဆုံးသော အကြောင်းအချက်များ သုံးစွဲ၍ ကျော်လွှားလွှမ်းမိုးနိုင်အောင် ကြိုးစားရမည်။


mgyoe.com